# ElectroPower Fund - အဓမ္မလုပ်အားခိုင်းစေမှုကို တိုက်ဖျက်ရန် အလုပ်သမားဦးဆောင်သော လှုပ်ရှားမှုများအတွက် ထောက်ပံ့မှုလျှောက်ထားရန် အကျဉ်းချုပ်အချက်အလက်

### လျှောက်လွှာပိတ်ရက် - နိုဝင်ဘာလ၊ ၁၄၊ ရက် ၂၀၂၅ (သောကြာနေ့)

သင်သည် ထိုင်း၊ မလေးရှား၊ သို့မဟုတ် အင်ဒိုနီးရှားတွင် မျှတပြီး ဘေးကင်းလုံခြုံသော လုပ်ငန်းခွင် အခြေအနေများအတွက် လှုပ်ရှားနေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသလား။

**ElectroPower Fund** သည် အီလက်ထရွန်းနစ်နှင့် သတ္တုဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များတွင် အတင်းအကျပ်အလုပ်ခိုင်းစေမှုများကို ကိုင်တွယ်ဖြေရှင်းပေးသည့် အဖွဲ့အစည်းငယ်များကို ပံ့ပိုးရန်အတွက် **ယူရို ၁၀,၀၀၀ နှင့် ၃၀,၀၀၀** ကြား ထောက်ပံ့ငွေပေးပါသည်။ ကျွန်ုပ်တို့သည် အလုပ်သမားများ အထူးသဖြင့် **ရွှေ့ပြောင်းလုပ်သားများနှင့် အမျိုးသမီးအလုပ်သမားများတို့** ဦးဆောင်သော သို့မဟုတ် အလုပ်သမားများနှင့် နီးကပ်စွာချိတ်ဆက်နိုင်သည့် ပရောဂျက်များကို ရှာဖွေနေပါသည်။

## ဘယ်သူတွေလျှောက်ထားနိုင်ပါသလဲ။

- ရွှေ့ပြောင်းအလုပ်သမားများ၏ အသင်းအဖွဲ့များ (တရားဝင်မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ထားသည်ဖြစ်စေ)
- လွတ်လပ်သော ဒေသခံအလုပ်သမားသမဂ္ဂများ
- အလုပ်သမားအခွင့်အရေးများ၊ ဥပဒေရေးရာတောင်းဆိုမှုများ၊ ရပ်ရွာစည်းရုံးရေး သို့မဟုတ် လုပ်ငန်းခွင်အခြေအနေကို အလုပ်သမားကိုယ်တိုင်ဦးဆောင်စောင့်ကြည့်သည့် လုပ်ငန်းစဉ်များကို လုပ်ကိုင်နေသော လူမှုအဖွဲ့အစည်းများ (CSOs)

သင်သည် NGO အဖြစ် တရားဝင်မှတ်ပုံတင်ထားရန် မလိုအပ်ပါ။ အရေးကြီးသည်မှာ သင်၏အလုပ်သမားများ နှင့်ရှိသော ဆက်နွယ်မှုနှင့် သူတို့၏အခွင့်အရေးများကို မြှင့်တင်ပေးရန်အတွက် သင်၏ကတိကဝတ်ရှိမှု ဖြစ်ပါသည်။

## ကျွန်ုပ်တို့က ဘယ်လိုပရောဂျက်များနှင့် လှုပ်ရှားမှုများကို ထောက်ပံ့ပေးသလဲ။

- အလုပ်သမားများကို စည်းရုံး၍ လှုပ်ရှားမှုများလုပ်ဆောင်ခြင်း
- ဒေသတွင်း လုပ်ငန်းခွင်အခြေအနေစောင့်ကြည့်ရေးနှင့် ပံ့ပိုးကူညီရန် ကွန်ရက် အချိတ်အဆက်များတည်ဆောက်ခြင်း
- အလုပ်သမားများ၏ အသိပညာ စွမ်းရည်မြှင့်မားလာစေရန် အလုပ်သမားအခွင့်အရေးနှင့် ဥပဒေရေးရာများကို လေ့ကျင့်သင်ကြားပေးခြင်း

Co-funded by the European Union

This document has been produced with the financial assistance of the European Union. The contents of this document are the sole responsibility of Südwind and can under no circumstances be regarded as reflecting the position of the European Union.

- မူဝါဒများပြုပြင်ပြောင်းလဲမှုများအတွက် တောင်းဆိုခြင်းနှင့် အစမ္မအလုပ်ခိုင်းစေမှုများကို တိုက်ဖျက်ရန် လုပ်ဆောင်ခြင်း

## ကျွန်ုပ်တို့သည် မည်သည်ကို ပံ့ပိုးပေးသနည်း။

- ယူရို €10,000 မှ €30,000 အထိ အပြည့်အဝအသုံးစရိတ် ငွေထောက်ပံ့မှုပေးခြင်း
- ပရောဂျက် အကောင်အထည်ဖော်ရေးအတွက် လမ်းညွှန်ပေးခြင်းနှင့် ပံ့ပိုးပေးခြင်း
- ElectroPower ပရောဂျက်မှတဆင့် ကွန်ရက်များချိတ်ဆက်ခြင်း နှင့် လုပ်ဆောင်မှုများကို သိသာထင်ရှားလာစေခြင်း

## လျှောက်လွှာအသေးစိတ် -

- လျှောက်လွှာပိတ်ရက် – နိုဝင်ဘာလ ၁၄ ရက် ၂၀၂၅
- ပရောဂျက်ကာလ – ၁ လမှ ၂၄ လအတွင်း (ပရောဂျက်များကို ၂၀၂၆ တွင် စတင်မည်)
- အသေးစိတ်အချက်အလက်များနှင့် လျှောက်လွှာပုံစံအားလုံးကို ဤလင့်ခ်ထဲတွင် ရရှိနိုင်ပါသည် – https://www.suedwind.at/electropower/call

မေးခွန်းများရှိပါက ကျွန်ုပ်တို့ကို ဒီအီးမေးလ်မှ ဆက်သွယ်နိုင်ပါသည် – electropower@suedwind.at

**အလုပ်သမားများ၏ အသံကို ခိုင်မာအားကောင်းစေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ပြောင်းလဲမှုများကို ဖန်တီးရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့။**

Co-funded by the European Union

This document has been produced with the financial assistance of the European Union. The contents of this document are the sole responsibility of Südwind and can under no circumstances be regarded as reflecting the position of the European Union.